# မိတ်ဆက်

လူတိုင်း အောင်မြင်မှုရချင်တယ်။

အောင်မြင်မှုနည်းလမ်းတွေ ရှာဖွေနေကြတယ်။

နည်းလမ်းကောင်းတွေ တွေ့လိုတွေ့ငြား "တက်ကျမ်း" တွေထဲမှာ လိုက်လံရှာဖွေနေကြသူတွေလည်း မနည်းဘူး။ "သိုက်စာဖတ်ရာ နားထောင်ပါ၊ ဥစ္စာရနိုးနိုး" ဆိုတာလိုပဲ တွေ့လိမ့်နိုးနိုးနဲ့ ရှာဖွေနေကြတာလည်း မမောနိုင်မပန်းနိုင်ပါပဲ။ အောင်မြင်မှုနည်းလမ်းတွေကို တွေ့ချင်တဲ့ဆန္ဒနဲ့ "အောင်မြင်ခြင်းသိုက်စာ" ဖတ်ရင်း "ဉာဏ်အလင်းပွင့်"ပြီး အောင်မြင်မှုလမ်းကြောင်းပေါ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသူတွေလည်း ရှိတာပေါ့။

"အကြံကောင်းရင်တစ်ချက်၊ ကံကောင်းရင်တစ်သက်" ဆိုတဲ့ စကားကရှိတော့ အောင်မြင်ဖို့ရာ "ကံရည်ဖန်ရည်"ကလည်း အရေးကြီးတယ်လို့ မြင်ပါတယ်။ "ကံတတ်ဖန်တတ်ဖို့ အိုင်ဒီယာက အရေးပါတယ်။" သတိမမူ ဂုဏ်မြင် ဆိုတဲ့စကားကလည်း ရှိသေးတယ်။ သတိထားပြီး ကြည့်တတ်ရှုတတ်၊ ရှာတတ်ဖွေတတ်ရင် အောင်မြင်ဖို့လမ်းစ တွေ့ရမှာ



မလွဲဘူး။

တက်ကျမ်းတွေလည်း ဖတ်လက်စ ဆက်ဖတ်ကြတာပေါ့။

ကြည့်တတ်မြင်တတ် ရှာတတ်ဖွေတတ်ရင် ရယ်စရာမောစရာ ဟာသတွေထဲမှာလည်း အောင်မြင်ရေးနည်းလမ်းတွေပါတယ်။ ဟာသကို လူတိုင်း ချစ်တယ်။ ဟာသဆိုတာ ပေါ့ပေါ့ပါးပါးလည်းရှိတယ်။ ဟာသကို နက်နက်ရှိုင်းရှိုင်း ခံစားကြည့်ရင် အောင်မြင်ရေး အိုင်ဒီယာတွေ တွေ့ရမယ်။ အိုင်ဒီယာတွေကို ဖမ်းဆုပ်ကိုင်တတ်မယ်ဆိုရင် အလုပ်ဖြစ်တယ်။

စာရေးသူက "ဟာသ"ကို ဝါသနာပါတယ်။ ဟာသပြောတတ်သူတွေ ပြောတဲ့အခါ မှတ်သားထားသလို၊ ဟာသစာအုပ်တွေ ဖတ်တယ်။ နိုင်ငံတကာက ဟာသတွေကို အင်တာနက်ကလည်း ရှာဖွေဖတ်တယ်။ ဟာသတွေကို စုဆောင်းထားရှိတယ်။ ဟာသတွေထဲမှာ စဉ်းစားဆင်ခြင်သိမြင်စရာလေးတွေ တွေ့ရတဲ့အခါ သီးခြားစုစည်းထားမိတယ်။ ယခုစာအုပ်မှာ ဒါလေးတွေကို မျှဝေပါတယ်။ ဘဝမှာ တစ်ခါတစ်ရံ ဘဝအမောတွေနဲ့ ပင်ပန်းတယ်။ စိတ်ဓာတ်ကျချင်တယ်။ ထွက်ပေါက်မရှိတော့သလို ခံစားရတယ်။ ဆက်မကြိုးစားဘဲ လက်လျှော့လိုက်ချင်တယ်။ ဒီလိုအခါမျိုးမှာ ရယ်မောစရာလေးတွေ ဖတ်ရှုခံစားလိုက်ရင် အတွေးသစ်အမြင်သစ် အားအင်သစ်တွေ ရနိုင်ပါတယ်။

ဒီဖြစ်ရပ်တွေက တကယ်မဟုတ်ဘဲ ဟာသအမြင်နဲ့ ရေးထားတာတွေဖြစ်တယ်။ ပျော်စရာရွှင်စရာ ဟာသတွေသာ ဖြစ်ပါတယ်။ ဒီထဲက "အိုင်ဒီယာ"ကိုပဲ ဆွဲထုတ်ယူကြမယ်။ အိုင်ဒီယာအချို့ကတော့ "ညစ်ဉာဏ်"တွေ ဖြစ်ပါတယ်။ ညစ်ဉာဏ်ကိုယူဖို့ မဟုတ်ဘဲ အညစ်မခံရအောင် ညစ်ဉာဏ်ကိုသိဖို့ ရည်ရွယ်ပါတယ်။

အဓိကကတော့ "အိုင်ဒီယာ"ကိုမိဖို့ပါ။ "အိုင်ဒီယာ"တွေကို ကိုယ့်



ဘဝမှာ အပ်စပ်အောင် အသုံးချတတ်ဖို့ပါ။ ပျော်ပျော်ရွှင်ရွှင်နဲ့ အောင်မြင်ရေးပန်းတိုင်ကို ချီတက်ကြပါစို့။

◆